
# ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များ [၅]




## ဘာသာရေးလွတ်လပ်မှု၏ အခြေခံအချက်များ

အမေရိကန်ပြည်သူတို့အတွက် အဖိုးအတန်ဆုံးသော လွတ်လပ်မှုများထဲတွင် ဘာသာရေးလွတ်လပ်မှုသည်လည်း တစ်ခု အပါအဝင်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် လောကီရေးကိုသာ အလေးထားသော လူ့အဖွဲ့အစည်းဟု ထင်ထားသူတချို့အတွက်မူ သည်အချက်က အဆီအငေါ်မတည့်သလို ဖြစ်နေသည်။ စင်စစ် အမေရိကန် လူ့အဖွဲ့အစည်းသည် လောကီရေးကိုသာ အလေးထားသည်ဆိုခြင်းမှာ မမှန်ပါ။ အမေရိကန် ပြည်ထောင်စု၏ နိစ္စဓူဝဘဝတွင် ဘာသာရေးသည် အမေ့ခံမဟုတ်ချေ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ လူတစ်ဦးချင်း သို့မဟုတ် ဘာသာရေး အုပ်စုတစ်ခုစီသည် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ရှိကြောင်းကို ပြဋ္ဌာန်းပေးထားပါသည်။ လွတ်လပ်စွာဟု ဆိုရာတွင် အစိုးရအာဏာစက်မှသာမက တခြားသော ဘာသာရေးဂိုဏ်းကွဲများ၏ ခြိမ်းခြောက်မှုအောက်မှလည်း လွတ်လပ်စွာဖြင့် ဝတ်ပြုကိုးကွယ်ပိုင်ခွင့်ရှိခြင်းဖြစ်ပါသည်။

ဘာသာတရားပေါင်းစုံနှင့် ဘာသာရေးလွတ်လပ်မှုတို့ ဒွန်တွဲတည်ရှိနေခြင်းသည် နက်နဲသောအကြောင်းချင်းရာတစ်ရပ် ဖြစ်ပါသည်။ သည်လို ဖြစ်လာစေရန် ဖြတ်သန်းခဲ့ရသော ခရီးလမ်းကလည်း အစဉ်ချောမွေ့ခဲ့သည်တော့ မဟုတ်ချေ။ ယနေ့တိုင်အောင်လည်း ပဋိပက္ခများက ရှိနေသေးသည်ပင်။ သို့သော် ဒီမိုကရေစီသည် အရန်သင့်ထုတ်လုပ်ယူ၍ ရနိုင်သောအရာ မဟုတ်ချေ။ လိုက်နာကျင့်သုံးသွားရမည့် ကျင့်စဉ်တစ်ရပ်သာ ဖြစ်လေသည်။

ဘာသာရေးလွတ်လပ်မှု သဘောတရားသည် လူ့သမိုင်းစဉ်တွင် ပေါ်ထွန်းလာသည်မှာ သိပ်မကြာလှသေးပါ။ လူများစုကြီး ကိုးကွယ်ယုံကြည်သည့် ဘာသာတရားမှ သွေဖည်၍ တခြားသော ဘာသာကို ကိုးကွယ်ယုံကြည်မှုများအား ခွင့်ပြုခဲ့သော လူ့အဖွဲ့အစည်းများလည်း ရှိခဲ့ဖူးသည်။ သို့သော် ထိုသို့ ခွင့်ပြုခြင်းမှာ လူများစုကြီး သို့မဟုတ် အုပ်စိုးသူတို့၏ သဘောပေါ်တွင်သာ မူတည်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုထားခြင်းကိုလည်း အလွယ်တကူပင် ပြန်လည်ရုပ်သိမ်းပစ်နိုင်ပါသည်။ ဘာသာရေးလွတ်လပ်မှုရှိစေရန် ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏

ဘာသာရေးနှင့် နိုင်ငံရေးကို စည်းခြားထားရန်လည်း လိုအပ်ပါသည်။ ယင်းကဲ့သို့ ဘာသာရေးနှင့် နိုင်ငံရေးကို စည်းခြားထားရမည် ဆိုသည့် အတွေးအခေါ်ကလည်း မကြာသေးခင်ကမှ ပေါ်ထွန်းလာသည့် အတွေးအခေါ် ဖြစ်လေသည်။

အင်္ဂလန်၏ အုပ်စိုးမှုကို အမေရိက က တော်လှန်ခြင်း၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များကို ချမှတ်ခြင်းတို့သည် လူမှုရေး မဟာတော်လှန်မှုကြီးများထဲမှ ဖြစ်စဉ် တစ်ရပ် ဖြစ်ပါသည်။ ယင်းလုပ်ဆောင်ချက်များသည် ဘာသာရေးနှင့် နိုင်ငံရေးကို သီးခြားစီဖြစ်စေရန် ခွဲခြားသမှုပြုလိုက်ခြင်းပင် ဖြစ်လေသည်။ သည်စိတ်ကူးကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ထည့်သွင်းလိုက်ခြင်းအားဖြင့် နိုင်ငံကို တည်ထောင်သူ ခေါင်းဆောင်ကြီးများက ရပိုင်ခွင့်တစ်ရပ်ဖြစ်စေခဲ့သည်။ သည်လိုဆိုလိုက်၍ ယနေ့ ကျွန်ုပ်တို့ ရရှိနေသော ဘာသာရေးလွတ်လပ်မှုမျိုးသည် ၁၇၈၁ ခုနှစ်တုန်းကတည်းက ရှိနေခဲ့ပြီဟု မဆိုလိုပါ။ သို့သော် အခြေခံကိုတော့ စပြီး ပျိုးထောင်လိုက်နိုင်သည်။ ၂၀ ရာစုထဲတွင်မှ အဆိုပါ စိတ်ကူးက ဖူးပွင့် ဝေဆာလာခဲ့တော့သည်။

*

အမေရိကန်ကိုလိုနီနယ်များသို့ အစောပိုင်း ပြောင်းရွှေ့ အခြေချလာသူများသည် ဥရောပ အနောက်ပိုင်းမှ ထွက်လာသူများ ဖြစ်ပါသည်။ အဆိုပါ ဥရောပအနောက်ပိုင်း၏ သမိုင်းစဉ်တွင် လေးရာစုခေတ်မှစတင်၍ ဗရင်ဂျီဂိုဏ်းမှ ခွဲထွက်ပြီး ပရိုတက်စတင့်ဂိုဏ်းပေါ်လာချိန်အထိ ကာလအတွင်း၌ ဘာသာရေးကွဲပြားခြားနားမှု မရှိကြောင်းကိုသာ တွေ့ရပေမည်။ ထိုစဉ်က ဗရင်ဂျီဂိုဏ်းကို တရားဝင် အသိအမှတ်ပြုထားခဲ့သည်။ ပရိုတက်စတင့်ဂိုဏ်းပေါ်လာခြင်းသည် ဘာသာရေးတွင် နှစ်သက်ရာကို ကိုးကွယ်ယုံကြည်ပိုင်ခွင့်တချို့ ဖြစ်ထွန်းလာလိမ့်မည်ဟု တချို့က မျှော်လင့်ခဲ့ကြပါသည်။ တကယ်လည်း ဟုတ်ခဲ့သည်။ နှစ်သက်ရာကို ကိုးကွယ်ယုံကြည်ရန်နှင့် လွတ်လပ်မှုတရားများအတွက် မာတင်လူသာနှင့် ဂျွန်ကယ်လ်ဗင်တို့က မေတ္တာရပ်ခံ ရေးသားသွားခဲ့သော စာပိုဒ်များကို တွေ့ရှိနိုင်ပါသည်။ သို့သော် ပရိုတက်စတင့်တို့ ကြီးစိုးနိုင်သော နေရာများတွင်လည်း ၄င်းတို့က သူတို့၏ ဘာသာကိုသာ သတ်မှတ်ပြဋ္ဌာန်းခဲ့ကြပါသည်။ သည်အချက်ကလည်း မဆန်းပါ။ အကြောင်းမှာ စစ်မှန်သော ဘာသာတရားတစ်ခုတည်းသာ ရှိသည်ဆိုသော ခံယူချက်ကို မာတင်လူသာက မည်သည့်အခါတုန်းကမျှ မကန့်ကွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်ပင် တခြားကိုးကွယ် ယုံကြည်မှုများအားလုံးကို ကျူပြင်ခုတ်ကျူငုတ်မှျ မကျန်ရအောင် ဖယ်ရှားပစ်ရမည်။ နိုင်ငံတိုင်းတွင် ခရစ်ယာန်ဘာသာ တစ်မျိုးတစ်စားတည်းသာ ရှိရမည်ဟု ဆိုလိုရာ ရောက်ခဲ့သည်။

ပရိုတက်စတင့်ဂိုဏ်း ပေါ်ထွန်းလာခြင်းကြောင့် ဥရောပတွင် ဘာသာရေးစည်းလုံးညီညွတ်မှု ပြိုကွဲသွားသည်။ နိုင်ငံအချို့မှာဆိုလျှင် ဘာသာရေးဂိုဏ်းကွဲမှုများကြောင့် ခါးသီးဖွယ်ပြည်တွင်းစစ်များကို ရင်ဆိုင် ကြုံတွေ့ခဲ့ရပြီး အချို့စစ်ပွဲများက ဆယ်စုနှစ်များချီ၍ပင် ကြာညောင်းခဲ့လေသည်။ ဂျိမ်းမယ်ဒီဆင်က "ကိုးကွယ်ယုံကြည်မှုတွင် သဘောထားကွဲလွဲမှုကို တိုက်ဖျက်ရန်အလို့ငှာ မတူခြားနားသော ဘာသာရေးအမြင်မှန်သမျှအား တားဆီးပိတ်ပင်ပစ်ရန် လောကီရေးအရ အချည်းနှီးသော ကြိုးပမ်းမှုများကြောင့် ကမ္ဘာကြီးတွင် သွေးချောင်းစီးခဲ့ရပေပြီ"ဟူ၍ ရေးသားစဉ်တွင် အထက်ပါ သမိုင်းဖြစ်စဉ်က သူ့စိတ်ထဲမှာ စွဲနေပေလိမ့်မည်။ ဟော်လန်နိုင်ငံငယ်ကလေးတွင်သာ စင်ပြိုင် ဘာသာရေးဂိုဏ်းများသည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အင်အားချိန်ခွင်လျှာ ညီမျှခဲ့သည်။ ထို့ကြောင့်ပင် ၁၇ ရာစုခေတ်သို့ ရောက်လာချိန်တွင် ကိုယ်လည်းရှင်သန်စေ၊ သူတစ်ပါးလည်း ရှင်သန်စေမူဝါဒ (live-and-let-live policy)ကို ချမှတ်ခဲ့ကြသည်။ ထိုမူဝါဒအရ ဗရင်ဂျီနှင့် ပရိုတက်စတင့်ဂိုဏ်းများသာမက ဂျူးများအားလည်း အပြန်အလှန် သည်းခံလေးစားမှု စိတ်ဓာတ်ဖြင့် ကိုးကွယ်ယုံကြည်ခွင့်ပြုခဲ့သည်။ အမေရိကန် တော်လှန်ရေးမျိုးဆက်သည် ဟော်လန်နိုင်ငံအကြောင်းစုံကို သိရှိထားပြီး ဖြစ်ပါသည်။ သို့သော် သူတို့၏ လုပ်ဆောင်ချက်များက ဗြိတိသျှကိုလိုနီနယ်များဘဝတွင် ၄င်းတို့ တွေ့ကြုံခဲ့ရသည့် ကိုလိုနီအတွေ့အကြုံများပေါ် တွင်သာ အခြေတည်နေခဲ့သည်။

*

၁၇ ရာစုဆန်းစတွင် မြောက်အမေရိကသို့ ကိုလိုနီနယ်ပယ် ချဲ့ထွင်လာခဲ့သည်။ အင်္ဂလိပ်တို့သည် ၄င်းတို့၏ မြင့်မြတ်သော လူ့အဖွဲ့အစည်းအမြင်များကိုပါ ကမ္ဘာသစ်သို့ ဆောင်ယူလာခဲ့ကြသည်။ ယင်းတို့အနက် အရေးကြီးသောအချက်က ဘာသာရေးပင်ဖြစ်သည်။ အသစ်ဝင်ရောက်အခြေစိုက်သူများအားလုံးသည် ရှိပြီးသား ခရစ်ယာန်ဘာသာရေးဂိုဏ်း တစ်ခုတည်းကိုပဲ ယုံကြည်ကိုးကွယ်နေခဲ့ကြသည်။ ထင်ရှားသော သာဓကတစ်ခုမှာ ၁၆၄၃ ခုနှစ်က ထုတ်ဝေခဲ့သော နယူးအင်္ဂလန်၏ ကနဦးအသီးအပွင့်များ (New England's First Fruits) လက်ကမ်းစာစောင်ဖြစ်ပါသည်။ ယင်းတွင် မက်ဆာချူးဆက်ပင်လယ်အော် ကိုလိုနီနယ်၏ ရှေးဦးကာလ အကြောင်းကို ဖော်ပြထားပါသည်။

"ဘုရားသခင်က ကျွန်ုပ်တို့ကို နယူး အင်္ဂလန်သို့ ဘေးရန်ကင်းရှင်းစွာဖြင့် ဆောင်ယူပေးခဲ့သည့်နောက်... ကျွန်ုပ်တို့နေအိမ်များကို ဆောက်လုပ်ခဲ့ကြသည်၊ ရှင်သန်နေထိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်၊ ဘုရားသခင်ကို ရှိခိုး ဝတ်ပြုရန် သင့်တော်မည့် နေရာကို တည်ထောင်ခဲ့သည်၊ ထို့နောက် ပြည်သူ့အစိုးရကိုလည်း ဖွဲ့စည်း ထူထောင်ခဲ့သည်" ဟူ၍ စာရေးဆရာက ရေးသားထားပါသည်။

၁၆၀၇ ခုနှစ်တွင် ဂျိမ်းစ်တောင်း၌ အခြေချနေထိုင်ချိန်မှစ၍ ၁၇၇၆ ခုနှစ် အမေရိကန်တော်လှန်ရေးကြီးဖြစ်ပွားချိန်အထိ ကာလအတွင်း ခြွင်းချက်အနည်းငယ်မှအပ မြောက်အမေရိကတိုက်ရှိ ဗြိတိသျှကိုလိုနီနယ် များသည် ခရစ်ယာန်ဂိုဏ်းများကို ထူထောင်ခဲ့ကြသည်။ နယူးယောက်နှင့် တောင်ပိုင်းကိုလိုနီနယ်များတွင် အင်္ဂလီကန် ခရစ်ယာန်ဂိုဏ်းသည် မိခင်အင်္ဂလန်နိုင်ငံမှ အနေအထားအတိုင်းပင် တည်ရှိခဲ့သည်။ သို့ရာတွင် နယူးအင်္ဂလန်နယ်၌မူ ခရစ်ယာန်အသင်းတော် အများအပြား ပေါ်ထွန်းလာခဲ့သည်။ အဆိုပါ ကိုလိုနီနယ်များသည် ဗရင်ဂျီဂိုဏ်းဝင်များ၊ ဂျူးများကိုသာမက သဘောထားချင်း မတိုက်ဆိုင်သည့် ပရိုတက်စတင့်များကိုပါ ခွဲခြားဆက်ဆံ ခဲ့ကြလေသည်။

၁၆၅၆ ခုနှစ်တွင် မက်ဆာချူးဆက်ပင်လယ်အော် တရားရုံးချုပ်က ကိုလိုနီနယ်ထဲတွင် ကွေကာ အသင်းဝင်များရှိနေခြင်းကို တားမြစ်ခဲ့သည်။ ယင်းတို့ကို တွေ့ရှိပါက ထောင်သွင်းအကျဉ်းချခြင်း၊ ကြိမ်ဒဏ်ပေးခြင်း၊

နှင့် နယ်နှင်ခြင်းခံကြရမည်ဖြစ်သည်။ သို့သော် ကွေကာအသင်းဝင်များက ထိုအမိန့်ကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ကြရကား နောက်တစ်နှစ်တွင် တရားရေးအဖွဲ့က ပြည်နှင်ဒဏ်ခံထားရပြီး ပြန်လည်ဝင်ရောက်လာသော ကွေကာအသင်းဝင် အမျိုးသားကို နားရွက်တစ်ဖက် ဖြတ်ပစ်သင့်သည်၊ ဒုတိယအကြိမ် ဝင်ရောက်လာပါက နားရွက် နောက်တစ်ဖက်ကိုပါ ဖြတ်သင့်သည်ဟူ၍ အမိန့် ထုတ်ပြန်ခဲ့လေသည်။ ပြန်လည်ဝင်ရောက်လာသော အမျိုးသမီးများသည်လည်း ကြိမ်ဒဏ် "ပြင်းထန်စွာ" ပေးခံရမည်ဖြစ်သည်။ တတိယမွိဝင် ရောက်လာသူ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ "လျှာကို သံပူဖြင့် ထိုးဖောက်ရမည်" ဟုဆိုပါသည်။ သို့တိုင် ကွေကာအသင်းဝင်များက ပြန်ဝင်ရောက် လာနေမြဲဖြစ်ရာ ၁၆၅၈ ခုနှစ်တွင် တရားရုံးချုပ်က ကြိုးဒဏ်အထိ သတ်မှတ်ခဲ့လေသည်။ ပြည်နှင်ဒဏ်ပေးခံရပြီးနောက် ပြန်လည်ဝင်ရောက်လာသည့် ဂျေဆုဘုန်းကြီးများနှင့် တခြားဗရင်ဂျီဂိုဏ်းဘုန်းကြီးများအားလည်း အလားတူ သေဒဏ်အမိန့်ပေးထားပါသည်။ ၁၆၅၉ နှင့် ၁၆၆၁ ခုနှစ်များအတွင်း ဘော်စတွန်၌ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦး ကြိုးပေးကွပ်မျက် ခံခဲ့ရသည်။

နောက်ပိုင်း ၁၇၇၄ ခုနှစ်သို့ ရောက်လာချိန်တွင် ကိုလိုနီနယ်သားများသည် ဗြိတိသျှတို့က ၎င်းတို့၏ ရပိုင်ခွင့်များအပေါ် စွက်ဖက် နှောင့်ယှက်နေခြင်းအား ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လာသည်။ နော့သ်သင်တန်တွင် ဘက်ပတစ် ၁၈ ဦးကို ထောင်သွင်းအကျဉ်းချထားကြောင်း မက်ဆာချူးဆက်ဘက်ပတစ်ခေါင်းဆောင် ဘုန်းတော်ကြီး အိုင်ဇက်ဘက်ကပ်က ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ကောင်စီတို့သို့ တိုင်ကြားခဲ့သည်။ ထိုအချိန်က ဆောင်းရာသီ၏ အချမ်းအေးဆုံးချိန်ခါလည်းဖြစ်သည်။ သူတို့ကို ဖမ်းဆီး ချုပ်နှောင်ခြင်းမှာ မြို့၏ အသင်းတော်လူကြီးအား ထောက်ခံသောအားဖြင့် ပေးဆောင်ရမည့်အခွန်ငွေကို မပေးဆောင်ဘဲ ငြင်းဆန်မှုကြောင့် ဖြစ်ပါသည်။ ထိုနှစ်ထဲမှာပင် ဂျိမ်းမယ်ဒီဆင်က သူ့မိတ်ဆွေတစ်ယောက်ထံ ပေးစာတွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"ထိုကဲ့သို့ ယုတ်မာပြီး ငရဲဆန်သည့် နှိပ်ကွပ်ရေးမူဝါဒအပေါ် တချို့က အလွန်အမင်း အမျက်ထွက်နေကြသည်...လူကောင်းရှင်မွန်ငါးယောက် သို့မဟုတ် ခြောက်ယောက်သည် သူတို့၏ ဘာသာရေးခံယူချက် အကြောင်းကို ရေးသားဖြန့်ချိမိ၍ ထောင်သွင်းအကျဉ်းချခံနေကြရသည်၊ တကယ်က ထိုရေးသားချက်များသည် ဘာသာတရားအပေါ် အမှန်တကယ် လေးစားလိုက်နာမှု ရှိပါသည်...ထို့ကြောင့် ကျွန်ုပ်အနေဖြင့် သင့်ကို မေတ္တာရပ်ခံလိုသည်မှာ...လူအားလုံး မိမိယုံကြည်ချက်အတွက် လွတ်လပ်ခွင့်ရှိစေရန် ဆုတောင်းပေးပါ"

> အမေရိကန်ပြည်ထောင်စုသည် လောကီရေးကိုသာ အလေးထားသော လူ့အဖွဲ့အစည်းဟု ထင်ထားသူတချို့အတွက်မူ သည်အချက်က အဆီအငေါ်မတည့်သလို ဖြစ်နေသည်။ စင်စစ် အမေရိကန် လူ့အဖွဲ့အစည်းသည် လောကီရေးကိုသာ အလေးထားသည်ဆိုခြင်းမှာ မမှန်ပါ။ အမေရိကန် ပြည်ထောင်စု၏ နိစ္စဓူဝဘဝတွင် ဘာသာရေးသည် အမေ့ခံမဟုတ်ချေ။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ လူတစ်ဦးချင်း သို့မဟုတ် ဘာသာရေး အုပ်စုတစ်ခုစီသည် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ရှိကြောင်းကို ပြဋ္ဌာန်းပေးထားပါသည်။ လွတ်လပ်စွာဟု ဆိုရာတွင် အစိုးရအာဏာစက်မှသာမက တခြားသော ဘာသာရေးဂိုဏ်းကွဲများ၏ ဩဇာလွှမ်းမိုး မှုအောက်မှလည်း လွတ်လပ်စွာဖြင့် ဝတ်ပြုကိုး ကွယ်ပိုင်ခွင့်ရှိခြင်းဖြစ်ပါသည်။

သို့တိုင် အမေရိကတွင် လာရောက် အခြေစိုက်ကြသည့် အစောဆုံး ကာလကတည်းကပင် ခရစ်ယာန်ဂိုဏ်းများ ထူထောင်ခြင်းနှင့် ခရစ်ယာန်ဘာသာတစ်ခုတည်းကိုပဲ ကိုးကွယ်စေခြင်းမျိုးအပေါ် ဆန့်ကျင်မှုက ကြီးထွားလာခဲ့သည်။ အထူးသဖြင့် မြောက်ပိုင်းကိုလိုနီနယ်များတွင် ဖြစ်ပါသည်။ အစောပိုင်း ၁၆၄၅ ခုနှစ်လောက်ကပင် ပလိုင်းမောက် (မက်ဆာချူးဆက်) ရှိတရားရုံးချုပ်မှ လူကြီးများက "ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက် ဘာသာရေးတွင် လူအားလုံးအား အပြည့်အဝ လွတ်လပ်ခွင့်ပြုရန်နှင့် ထိန်းသိမ်းကာကွယ်ရန်၊ သည်ကိစ္စရပ်ကို အစိုးရသို့တိုင် တင်ပြရန်၊ တာ့ခ်၊ ဂျူး၊ အာရိယန်၊ စိုစီနတ် သို့မဟုတ် တခြားသူများသည် အယူဝါဒ အမျိုးမျိုးရှိသူများအပေါ်၌ ကန့်သတ်ချက် သို့မဟုတ် ခြွင်းချက်များ မထားရှိစေလိုပေ"

ဘာသာရေးလွတ်လပ်မှု လုံးဝနီးပါးရှိသော ပတ်ဝန်းကျင်တစ်ခုကို ရော်ဂျာဝီလီယမ်က ရို့ဒ်အိုင်လန်အနီးတွင် တည်ထောင်ခဲ့သည်။ သည်ခေတ်မီမှု နယ်ပယ်တွင် ဝီလီယမ်ကို တမန်တော်တစ်ပါးဟူ၍ သတ်မှတ်ထားပါသည်။ သူ့လုပ်ဆောင်ချက်များအရ တကယ်လည်း ထိုကဲ့သို့ပင် သတ်မှတ် ခံထိုက်ပါသည်။ ဝီလီယမ်က လွတ်လပ်စွာယုံကြည်ခွင့်ကို အားပေးရုံမျှမက အစိုးရက ကိုးကွယ်သော ဘာသာတည်ထောင်ခြင်းကိုလည်း ဆန့်ကျင်သည်။ အစိုးရက ကိုးကွယ်သော ဘာသာတည်ထောင်ခြင်းသည် လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေရုံမျှမက ဘာသာတရားကိုပါ ထိခိုက်နစ်နာစေတတ်သည်ဟူ၍ သူကယုံကြည်ပါသည်။ ၁၇ ရာစုခေတ်က ကိုလိုနီနယ်များတွင် သူကဲ့သို့ စောဒကတက်ပြောဆိုသူမှာ လက်တစ်ဆုပ်စာကလေးမျှသာ ရှိခဲ့လေသည်။

အစိုးရက ကိုးကွယ်သော ဘာသာတည်ထောင်ခြင်းသည် တရားဝင်အဖြစ် ၁၇၇၆ ခုနှစ်အထိသာ တည်တံ့ခဲ့သည်ဆိုသော်ငြား နှစ်သက်ရာကို ကိုးကွယ်ယုံကြည်ပိုင်ခွင့်အတွက် ကိုလိုနီနယ်များသည် အတိုင်းအတာ တစ်ရပ်အထိ လျှော့ပေးဖို့ လိုနေခဲ့သေးသည်။ အစတွင် ပြောင်းရွှေ့အခြေ စိုက်သူများသည် အချင်းချင်း နီးနီးစပ်စပ် တူညီသူများ ဖြစ်ခဲ့ကြသည်။ သို့

သော် အချိန်တိုအတွင်းမှာပင် ကမ္ဘာ့သစ်ဆီသို့ ဗြိတိသျှကျွန်းမှသာမက ဥရောပမြောက်ပိုင်းနှင့် အနောက်ပိုင်းမှလည်း လူတွေ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ဝင်ရောက်လာကြတော့သည်။ အများစုက အမေရိကတွင် ဘာသာရေးလွတ်လပ်မှု ပိုရှိသည်ဆိုသောကြောင့်သာမက စီးပွားရေးအခွင့်အလမ်းများ ပွင့်နေသောကြောင့်လည်း ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါသည်။ သူတို့အားလုံးသည် အလယ်ပိုင်းနှင့် တောင်ပိုင်းကိုလိုနီနယ်များကဲ့သို့ ပျူရီတန် သို့မဟုတ် အင်္ဂလီကန်များ မဟုတ်ကြချေ။ ဘက်ပတစ်များ၊ ဂျူးများ၊ ဗရင်ဂျီဂိုဏ်းဝင်များ၊ လူသာရင်များနှင့် တခြားသူများလည်း ရောက်လာကြသည်။ ထို့နောက်တွင်မူ သူတို့အသင်းဝင်မဟုတ်သော ဘုရားကျောင်းများအတွက် အခွန်ငွေပေးဆောင်ရခြင်း သို့မဟုတ် သူတို့မယုံကြည်သော ခရစ်ယာန်ဂိုဏ်းထဲ အတင်းအဓမ္မ သွတ်သွင်းခြင်းများကို မလုပ်ဆောင်သင့်ကြောင်း ၎င်းတို့က ဆန့်ကျင်ကန့်ကွက်လာခဲ့လေသည်။

*

ဗြိတိသျှတော်ဝင်အစိုးရနှင့် အတူတူပဲဟု သတ်မှတ်ကာ ကိုလိုနီ နယ်သားများက ရွံရှာမုန်းတီးနေသော အင်္ဂလီကန်ဂိုဏ်းကို တော်လှန်ရေး အစမှာပင် ဗာဂျီးနီးယားပြည်နယ်က အခြားသော ပြည်နယ်များနည်းတူ ဖျက်သိမ်းပစ်လိုက်သည်။ ၁၇၇၆ ခုနှစ် ဗာဂျီးနီးယား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက လူတိုင်းအား လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို တန်းတူရည်တူ သတ်မှတ် ပြဋ္ဌာန်းပေးခဲ့သည်။ သို့သော် ဘာသာရေးနှင့် နိုင်ငံရေးကို စည်းခြားထားသည့် အကြောင်း ကြေညာချက်ကမူ အတိုချုပ်ကလေးသာ ပါရှိခဲ့သဖြင့် ကိုးကွယ်ယုံကြည်မှု ကွဲပြားခြားနားသော အကြီးဆုံးအုပ်စုကြီး ဖြစ်သည့် ဘက်ပတစ်တို့က အထူးပင် စိတ်ပျက်ခဲ့ကြလေသည်။ အင်္ဂလီကန် ဂိုဏ်းနှင့် ပူးပေါင်းလျက်ပင် ရှိသေးသည့် တခြားအုပ်စုများ (နောက်ပိုင်းတွင် ဂိုဏ်းအုပ်များ အုပ်ချုပ်ခြင်းကို လိုလားလိုက်နာသော ခရစ်ယာန်ဂိုဏ်းဝင် ဖြစ်သွားသူများ) က ကောက်ခံသောငွေများဖြင့် ဘာသာတရားကို ထောက်ပံ့ပေးသင့်သည်ဟု ယုံကြည်သည်။ သူတို့က အခွန်ငွေများသည် ဂိုဏ်းတစ်ဂိုဏ်းတည်း အတွက်သာ မဖြစ်သင့်၊ (ပရိုတက်စတင့်ခရစ်ယာန်များအပါအဝင်) ခရစ်ယာန်ဂိုဏ်းအားလုံးအတွက် သုံးစွဲသင့်သည်ဟု ရှုမြင်ကြသည်။

ဘာသာရေးလွတ်လပ်မှု အပြည့်အဝရရှိရေးအတွက် ဗာဂျီးနီးယား ပြည်နယ်တွင် တိုက်ပွဲဝင်မှုသည် ထိုစဉ်ကာလကမူ အတော်ပင် ကြီးကျယ်ခဲ့ဟန်တူပါသည်။ အကြောင်းသော်ကား သည်တိုက်ပွဲတွင် အမေရိကန်နိုင်ငံကို တည်ထောင်သူ ဖိသုကာကြီးများထဲမှ နှစ်ဦးပါဝင်နေ၍ ဖြစ်ပါသည်။ ၎င်းတို့မှာ လွတ်လပ်ရေးကြေညာစာတမ်းကြီးကို ရေးသားသူ သောမတ်ဂျက်ဖာဆင်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဖခင်ကြီး ဂျိမ်းမယ်ဒီဆင်တို့ပင် ဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးပင် နောက်ပိုင်း၌ အမေရိကန်ပြည်ထောင်စု၏ သမ္မတများ ဖြစ်ခဲ့ကြသည်။

သောမတ်ဂျက်ဖာဆင်သည် "ဘာသာရေးလွတ်လပ်ခွင့်ဥပဒေ" ကို ရေးသားခဲ့ပါသည်။ "မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအကျပ်ပြုလုပ်၍ ဘာသာတစ်ခုခုကို ယူရမည်ဟုမပြုရ" ဟု ဆိုထားခဲ့သည်။ သည် ဥပဒေကြမ်းကို ဗာဂျီးနီးယားဥပဒေပြု အဖွဲ့က အတည်ပြုပေးမည်ဖြစ်သည်။ ဘာသာတရားဟူသည် လူတစ်ဦးချင်းနှင့် ဘုရားသခင်ကြား ပုဂ္ဂလိကရေးရာ ကိစ္စရပ်သာဖြစ်သည်ဟု ဂျက်ဖာဆင်က ယုံကြည်သည်။ ထို့ကြောင့် သည်ကိစ္စသည် အစိုးရနှင့်မဆိုင်ဟူ၍ သူက ခံယူထားပါသည်။ သည်လွတ်လပ်မှုကို သူက ပရိုတက်စတင့်များကိုသာ ပေးထားခြင်းမဟုတ်ချေ။ ခရစ်ယာန်များကိုသာ သီးသန့်ပေးထားခြင်းလည်း မဟုတ်ချေ။ ဘာသာရေးအုပ်စုအားလုံးကို ပေးထားခြင်းဖြစ်သည်။ သည်လွတ်လပ်ခွင့်သည် ဥပဒေပြုအဖွဲ့က ခွင့်ပြုပေးအပ်ခြင်းမဟုတ်၊ "လူသားတို့၏ မွေးရာပါအခွင့်အရေးသာဖြစ်သည်"ဟူ၍လည်း သူက ခံယူခဲ့လေသည်။ ၁၇၈၀ ပြည့်လွန်ခေတ်တွင် ဂျက်ဖာဆင်၏ အတွေးအခေါ်များက သူ့နိုင်ငံသားများထက် များစွာမှပင် ရှေ့မှ ပြေးနေခဲ့သည်။ သူ့ဇာတိ ဗာဂျီးနီးယားမှာပင် သူ့အဆိုကို ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရသည်။ အထူးသဖြင့် အစိုးရ၏ အထောက်အပံ့ကို ရယူလိုသော ခရစ်ယာန်အသင်းတော်များက ဆန့်ကျင်ခဲ့ကြပါသည်။

ဂျက်ဖာဆင်သည် အမေရိကန်သံ အမတ်ကြီးအဖြစ်နှင့် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားသောအခါ ဘာသာရေးလွတ်လပ်မှုကိစ္စကို သူ့မိတ်ဆွေလည်းဖြစ်၊ သူ့နောက်လိုက်လည်း ဖြစ်သူ ဂျိမ်းမယ်ဒီဆင်က ဆက်လက်တိုက်ပွဲဝင်ကျန်ရစ်သည်။ ဂျိမ်းမယ်ဒီဆင်က အမေရိကန်ဘာသာရေးသမိုင်းတွင် စာတင်ခဲ့ရသည့် "ဘာသာရေးသတ်မှတ်ချက်နှင့် ပတ်သက်သည့် ဆန့်ကျင်မှု မှတ်တမ်း" (Memorial and Remonstrance against Religious Assessments) ကို ရေးသားခဲ့ပါသည်။ ဘာသာတရားဟူသည် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ ကိစ္စသာဖြစ်ကြောင်း၊ အစိုးရက မည်သည့် နည်းနှင့်မှ ပါဝင် ဆောင်ရွက်ခြင်းမျိုး မပြုသင့်ကြောင်းဖြင့် မယ်ဒီဆင်က ဂျက်ဖာဆင် ဆိုခဲ့သည့်အတိုင်းပင် စောဒက တက်ခဲ့ပါသည်။ ဘာသာရေးအတွက် ထောက်ပံ့ငွေ ကောက်ခံခြင်းသည်လည်း ငွေပမာဏ မည်မျှပင်နည်း သည်ဖြစ်စေ၊ ကောင်းမှု ကုသိုလ်ဖြစ်သည်ဟု မည်သို့ပင် ဆိုစေကာမူ အစိုးရက ဘာသာ တရား တစ်ခုကို တည်ထောင် ရာမည်ရကား ယင်းကို ဆန့်ကျင်သင့်ပေသည်။ အဆိုပါ စောဒက တက်ချက်များက နှစ် ၂၀၀ ကျော်ကြာမြင့် သွား သည့်တိုင် အခိုင်အမာ တည်ရှိနေဆဲ ဖြစ်ပါသည်။ ●

*Melvin Urofsky ၏ Rights of the People မှ ကောက်နုတ်ပြန်ဆိုပါသည်။*